Burmese | မြန်မာ

| The Victorian Health System | ဗစ်တိုးရီးယားပြည်နယ် ကျန်းမာရေး စနစ် |
|---|---|
| Welcome to the Victorian healthcare system.<br>Treatment, care, education, and disease prevention for everyone in Victoria. | ဗစ်တိုးရီးယားပြည်နယ် ကျန်းမာရေးစောင့်ရှောက်မှု စနစ်မှ ကြိုဆိုပါ၏။<br>ကုသမှု၊ စောင့်ရှောက်မှု၊ ပညာရေး နှင့် ရောဂါကာကွယ်ရေးတွေဟာ ဗစ်တိုးရီးယားပြည်နယ်ရှိ လူတိုင်းအတွက် ဖြစ်ပါတယ်။ |
| At the heart of the Victorian healthcare system is you. Healthcare professionals work together to provide care to their communities. Across both public and private hospitals, medical clinics, community health centres, and private general and specialty practises. | ဗစ်တိုးရီးယားပြည်နယ် ကျန်းမာရေးစောင့်ရှောက်မှု စနစ်ရဲ့ အလယ်ဗဟိုချက်မှာ သင့်ကိုထားရှိပေးပြီး လုပ်ပေးပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု အတတ်ပညာရှင်တွေဟာ အတူတကွ လုပ်ကိုင်ကြပါတယ် သူတို့ရဲ့ လူမှုအသိုင်းအဝိုင်းကို စောင့်ရှောက်ပေးတာ ဖြစ်ပါတယ်။ အများပြည်သူနှင့် ပုဂ္ဂလိက ဆေးရုံ နှစ်မျိုးလုံး ဆေးခန်းများ၊ လူမှုအသိုင်းအဝိုင်း ကျန်းမာရေး စင်တာတွေ၊ နှင့် ပုဂ္ဂလိက အထွေထွေနှင့် အထူးကု ဌာနတွေမှာ ဖြစ်ကြပါတယ်။ |
| Healthcare services include mental health, alcohol and drugs, aged care, disability, pregnancy and birth, children, family, and relationships, emergency, palliative care, carer support, and more. | ကျန်းမာရေးစောင့်ရှောက်ရေး ဝန်ဆောင်မှုတွေမှာ ပါဝင်တာကတော့ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၊ အရက်နှင့်မူးယစ်ဆေးဝါးဖြတ်မှုတွေ၊ သက်ကြီးစောင့်ရှောက်ရေး၊ မသန်မစွမ်းဖြစ်မှု၊ ကိုယ်ဝန်ဆောင်နှင့် ကလေးမွေးဖွားမှု၊ ကလေးများ၊ မိသားစုနှင့် လင်မယားဆက်ဆံရေးတွေ၊ အရေးပေါ်ကိစ္စ၊ ရောဂါသက်သာစေအောင် စောင့်ရှောက်မှု၊ စောင့်ရှောက်သူ အထောက်အပံ့၊ နှင့် ပိုပြီးတော့ များပြားတဲ့ ဝန်ဆောင်မှုတွေဘဲ ဖြစ်ကြပါတယ်။ |
| The public system is provided by all levels of government, local, state, territory, and the Australian government, and it provides its services either free or at a subsidised cost. | အများပြည်သူစောင့်ရှောက်ရေး စနစ်ကို အားလုံးသော အစိုးရ အဆင့်ဆင့်တို့က ဆောင်ရွက်ပေးကြပါတယ်၊ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်၊ အုပ်ချုပ်ခံဒေသအဆင့် နှင့် ဩစတြေးလျနိုင်ငံ ပြည်ထောင်စုအစိုးရတို့က ဆောင်ရွက်ပေးကြတာဖြစ်ပါတယ်။ ဝန်ဆောင်မှုများကို အခမဲ့ဖြစ်ဖြစ် ငွေစိုက်ထားပြီးသားဖြစ်တဲ့ ကုန်ကျစရိတ်နှင့်ဖြစ်ဖြစ် ဆောင်ရွက်ပေးကြပါတယ်။ |



The Victorian Health System © Copyright State of Victoria 2017

Medicare is the public health insurance scheme that provides rebates to qualifying people. Medicare provides you with free public hospital treatment and subsidised healthcare and pharmaceuticals. The private system comes with a fee-based structure for its range of services, and it offers greater choice.

မက်ဒီကဲဟာ အများပြည်သူ ကျန်းမာရေး အာမခံ စနစ်ဖြစ်ပါတယ် အဲ့ဒါဟာ ရထိုက်ခွင့်ရှိတဲ့လူတွေကို ကုန်ကျငွေ ပြန်အမ်းပေးပါတယ်။ မက်ဒီကဲဟာ သင့်ကို အခမဲ့ဖြစ်တဲ့ အများပြည်သူဆေးရုံ ကုသမှု နှင့် ငွေစိုက်ပေးထားတဲ့ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးဝါးဗေဒဆိုင်ရာတွေကို ဆောင်ရွက်ပေးပါတယ်။ ပုဂ္ဂလိက စနစ်မှာ ဆောင်ရွက်ခပေးရပါတယ် အဲ့ဒီစနစ်ရဲ့ အမျိုးမျိုးဖြစ်တဲ့ ဝန်ဆောင်မှုတွေနှင့် ရွေးချယ်လုပ်လို့ရတဲ့ ပိုကြီးကျယ်တဲ့ ဝန်ဆောင်မှုတွေအတွက် ဆောင်ရွက်ခပေးရပါတယ်။

Allied health professionals work in private practise, hospitals, and community health services.

အထောက်အကူပြုကျန်းမာရေး အတတ်ပညာရှင်တွေ လုပ်ကိုင်ကြတဲ့နေရာတွေကတော့ ပုဂ္ဂလိကဆေးခန်း၊ ဆေးရုံများနှင့် လူမှုအသိုင်းအဝိုင်း ကျန်းမာရေး ဝန်ဆောင်ဌာနတွေမှာ ဖြစ်ကြပါတယ်။

Pharmacists provide services in local chemists or pharmacies as well as in hospitals and community health services.

ဆေးဝါးဗေဒပညာရှင်တွေ လုပ်ကိုင်ပေးတဲ့ နေရာတွေကတော့ ဒေသခံ ဆေးဝါးဆေးဆိုင်တွေ၊ ဒါမှမဟုတ် ဆေးဝါးဆေးပေးခန်းတွေအပြင် ဆေးရုံတွေ နှင့် လူမှုအသိုင်းအဝိုင်း ကျန်းမာရေး ဝန်ဆောင်ဌာနတွေမှာ ဖြစ်ကြပါတယ်။

One of the best places to get started on your healthcare journey is with your local GP. Creating an honest and open with your local doctor enables the both of you to work together to find the best treatment options available to you. For example, if you had been experiencing ongoing problems with your hip or knee, your GP may refer you to an orthopaedic surgeon. Referrals require specialists to write a diagnosis and management plan back to the referring GP.

စတင်လုပ်ရမဲ့ အကောင်းဆုံးနေရာများအနက် တစ်ခုဟာ သင့် ကျန်းမာရေးခရီးလမ်း အဖို့မှာ သင့် ဒေသခံ အထွေထွေရောဂါကု ဆရာဝန်နှင့်ဖြစ်ပါတယ်။ သင့် ဒေသခံ ဆရာဝန်နှင့် ရိုးသားပြီး ပွင့်ပွင့်လင်းလင်း စကားပြောဆိုတာဟာ သင်တို့နှစ်ဦးလုံး အတွက် အတူလုပ်ကိုင်စေပါတယ် ရရှိနိုင်သည့် အကောင်းဆုံး ကုသမှုနည်းလမ်းကို သင့်အတွက် ရှာပေးဖို့ အတွက် အတူလုပ်ကိုင်တာပါ။ ဥပမာ- အကယ်လို့ သင်ဟာ ဆက်တိုက် ကြုံတွေ့နေရတဲ့ ပြဿနာများဖြစ်တဲ့ သင့် တင်ပဆုံ ဒါမှမဟုတ် ဒူးခေါင်း ပြဿနာရှိရင် သင့် အထွေထွေရောဂါကုဆရာဝန်ဟာ သင့်ကို အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီးဆီ လွှဲပေးကောင်း လွှဲပေးနိုင်ပါတယ်။ လွှဲပို့စာများကြောင့်



The Victorian Health System © Copyright State of Victoria 2017

အထူးကုဆရာဝန်တွေဟာ ရောဂါဖော်ထုတ်မှုနှင့် တကွ စီမံကုသရေးအစီအစဉ်ကို ရေးသားပြီး လွှဲပို့ပေးတဲ့ အထွေထွေရောဂါကု ဆရာဝန်ဆီ ပြန်ပို့ပေးရပါတယ်။

Your GP may receive many updates, from imaging, to blood tests, and instructions for further care. And you can discuss these results with your GP if further clarification is required.

သင့် အထွေထွေရောဂါကု ဆရာဝန်ဟာ များစွာသောနောက်ဆုံးအချက်အလက်တွေ ရှာဖွေဖို့ဖြစ်တဲ့ ဓာတ်မှန်ဓာတ်ပုံရိုက်မှုကအစ သွေးစစ်ဆေးမှုတွေအထိအဆုံး ထပ်ဆင့်စောင့်ရှောက်ပေးဖို့ အတွက် ညွှန်ကြားချက်တွေကို လက်ခံရရှိနိုင်ပါတယ်။ သင့်အနေနှင့် ဒီစစ်ဆေးမှုအဖြေတွေကို သင့် အထွေထွေရောဂါကု ဆရာနှင့် ထပ်ဆင့်ရှင်းလင်းချက် လိုအပ်ရင် ဆွေးနွေးနိုင်ပါတယ်။

If you're in an emergency situation, then call 000, or visit the emergency department of your local hospital. Emergency departments are for critical care patients. Where many patients present simultaneously, emergency departments use triage, which is the process of determining the priority of patient's treatments based on the severity of their condition. Triage aims to ensure that patients are treated in the order of their clinical urgency, which refers to the need for timely critical intervention.

အကယ်လို့ သင် အရေးပေါ် အခြေအနေတစ်ခုအတွင်း ကျရောက်နေရင် ဖုန်း 000 ကိုခေါ်ပါ၊ ဒါမှမဟုတ် သင့် ဒေသခံ ဆေးရုံ အရေးပေါ်လူနာဌာနကို သွားရောက်ပါ။ အရေးပေါ် လူနာဌာနတွေဟာ အပြင်းအထန် စောင့်ရှောက်ရမည့်လူနာတွေ အတွက် ဖြစ်ပါတယ်။ လူနာအများအပြားဟာ တစ်ချိန်တည်း ရောက်ရှိလာသည့်အခါမှာ အရေးပေါ်ဌာနတွေဟာ ရောဂါအတန်းအစားခွဲခြားရေးကို အသုံးပြုပါတယ်၊ အဲ့ဒါဟာ ဦးစားပေးပြီး ကုပေးရမဲ့ အနေအထား ဆုံးဖြတ်ပေးရတဲ့ ဖြစ်စဉ်တစ်ခု ဖြစ်ပါတယ် လူနာရဲ့ ရောဂါအခြေအနေ ပြင်းထန်မှုအပေါ်မူတည်ပြီးတော့ ကုသမှုတွေကို ဦးစားပေးဖို့ ဖြစ်ပါတယ်။ ရောဂါအတန်းအစားခွဲခြားမှုဟာလူနာတွေကို ကုသပေးဖို့ သေချာစေအောင် ရည်ရွယ်ပါတယ် လူနာတွေရဲ့ ဆေးဘက်ဆိုင်ရာ အရေးပေါ် အနေအထားအရ ဖြစ်ပါတယ် အဲ့ဒီမှာ အရေးပါတဲ့ ကုသမှုကို အချိန်မီ လိုအပ်တဲ့အပေါ် ကုသပေးတာဖြစ်ပါတယ်။



The Victorian Health System © Copyright State of Victoria 2017

For after-hours medical issues that are not emergencies there are a range of options available to you, like after hours GPs and locum services. Some private hospitals will also have emergency departments which may have shorter wait times, but there will be a cost involved for treatment.

ရုံးချိန်နောက်ပိုင်း ဆေးဘက်ဆိုင်ရာ ပြဿနာတွေအတွက် အဲ့ဒါတွေဟာ အရေးပေါ်ကိစ္စတွေ မဟုတ်ရင် နည်းလမ်းတွေ အမျိုးမျိုး သင့်အတွက် ရရှိနိုင်ပါတယ်၊ ရုံးချိန်နောက်ပိုင်း အထွေထွေရောဂါကုဆရာဝန်တွေနှင့် လိုကမ် (locum) ဝန်ဆောင်မှုလို့ခေါ်တဲ့ အိမ်လာရောက်ကုပေးမှုလို ဖြစ်ပါတယ်။ ပုဂ္ဂလိက ဆေးရုံ အချို့မှာလည်း အရေးပေါ်လူနာဌာနတွေ ရှိကြပြီး အချိန်တို စောင့်ဆိုင်းရကောင်း စောင့်ဆိုင်းရနိုင်ပါတယ်၊ သို့သော်လည်း ကုသမှုအတွက် ကုန်ကျစရိတ် ကျခံရပါမယ်။

Ambulance Victoria staff and paramedics provide emergency treatment and transport to an emergency department. Ambulance costs can be expensive, so membership fees are worthwhile. Although the Victorian government oversees the ambulance service, the service is not free to all users. From seeing your local GP, to being treated by specialists, all while have access to world class hospitals and community health services, the Victorian healthcare system is here for you. It is a system that puts you at the centre of your care.

အရေးပေါ်ကုသမှုနှင့် သယ်ယူပို့ဆောင်ရေးကို ဆောင်ရွက်ပေးပါတယ် အရေးပေါ် လူနာဌာနဆီ သယ်ဆောင်ပေးတာပါ။ လူနာတင်ယာဉ် ကုန်ကျစရိတ်တွေဟာ ဈေးကြီးနိုင်ပါတယ်၊ ဒါကြောင့် လူနာတင်ယာဉ် အသင်းဝင်ကြေးတွေဟာ ထိုက်တန်ပါတယ်။ ဗစ်တိုးရီးယားပြည်နယ် အစိုးရဟာ လူနာတင်ယာဉ် ဝန်ဆောင်မှုတွေကို ကြီးကြပ်ကွပ်ကဲပေးသော်လည်း ဝန်ဆောင်မှုဟာ လူအားလုံးအတွက် အခမဲ့ မဟုတ်ပါဘူး။ သင့် ဒေသခံ  အထွေထွေရောဂါ ကုဆရာဝန်နှင့် ပြသမှုကအစ အထူးကုဆရာဝန်တွေနှင့်ကုသခံရသည်အထိအဆုံး အဲ့ဒါတွေ အားလုံးမှာ ကမ္ဘာ့အဆင့်အတန်းမီ ဆေးရုံတွေ နှင့် လူမှုအသိုင်းအဝိုင်း ကျန်းမာရေး ဝန်ဆောင်ဌာနတွေ  ရှိကြပါတယ်၊ ဗစ်တိုးရီးယားပြည်နယ် ကျန်းမာရေးစောင့်ရှောက်မှု စနစ်ဟာ သင့်အတွက် ဖြစ်ပါတယ်။ အဲ့ဒီစနစ်ဟာ သင့်စောင့်ရှောက်မှုရဲ့ အဓိကျတဲ့ အလယ်ဗဟိုချက်နေရာမှာ သင့်ကို ထားရှိပေးတဲ့ စနစ်တစ်ခု ဖြစ်ပါတယ်။

For more information visit [www.BETTERHEALTH.vic.gov.au/servicesandsupport](www.BETTERHEALTH.vic.gov.au/servicesandsupport).

ပိုမိုသိရှိလိုတဲ့ သတင်းအချက်အလက်တွေ အတွက်www.BETTERHEALTH.vic.gov.au/servicesandsupport မှာကြည့်ရှုပါ။



The Victorian Health System © Copyright State of Victoria 2017